# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 8, 2019 Volume 17, Number 6


၈.၃.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၉.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၉.၁ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၈.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၃၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၆၃ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၃၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၆၇ကျပ် |

Source: CBM Rate. etrademvanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.trade.gov.mm
myantradetir2016@gmail.com


## အင်ဒိုနီးရှားအစိုးရက ဆန်စပါးတင်ဒါခေါ်ယူရာ၌ မြန်မာကုမ္ပဏီများ ပါဝင်ယှဉ်ပြိုင်ရန် ကမ်းလှမ်းထား

အင်ဒိုနီးရှားနိုင်ငံမှ ဆန်စပါးဝယ်ယူရန်အတွက် တင်ဒါခေါ်ယူရာတွင် မြန်မာနိုင်ငံရှိ ဆန်တင်ပို့သည့်ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ အင်ဒိုနီးရှားနိုင်ငံဘက်ကနေ နောင်တင်ဒါခေါ်တဲ့အချိန်မှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အောက်မှာရှိနေိတဲ့ Exporter ကုမ္ပဏီတွေအနေနဲ့ တင်ဒါမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ကိုလည်း အင်ဒိုနီးရှားအစိုးရက ကမ်းလှမ်းထားတာတွေရှိတယ်။ တင်ဒါက ဘယ်အချိန်ခေါ်မယ်ဆိုတာ အတိအကျမသိသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဌ ဦးအောင်သန်းဦးက ပြောဆိုသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား တစ်နှစ်လျှင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ ဝန်းကျင်ရှိသော်လည်း မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့နိုင်သည့် ပမာဏနည်းပါးနေခြင်းကြောင့် မြန်မာနိုင်ငံမှကုန်ပစ္စည်းတင်ပို့သော အမည်များအနက်မှ ဆန်စပါးကို တိုးချဲ့တင်ပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်က ဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့တင်ဒါခေါ်ယူသည့်အခါ ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တွက်ခြေကိုက်မှသာ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်း Exporter ကုမ္ပဏီများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရမည်ဖြစ်ကြောင်းသိရသည်။ အဓိကကတော့ ကုန်ပစ္စည်းရောင်းတယ်ဝယ်တယ်ဆိုတာ ကိုယ့်ဘက်က တွက်ခြေကိုက်မယ်။ သူတို့ဘက်ကလည်း တွက်ခြေကိုက်မှပဲဝယ်မှာလေ။ အဲဒါကြောင့် ကိုယ့်ဘက်ကလည်း ရောင်းနိုင်ဖို့ ပြင်ဆင်ရမှာပေ့ါ။ ဒါကြောင့် ထုတ်လုပ်မှုစရိတ်မြင့်တာ ပြည်တွင်းဆန်ဈေးမြင့်လို့ဆိုပြီး နိုင်ငံခြားကို ရှောရှောရှူရှူတင်ပို့နိုင်ခြင်းမရှိရင် ပြည်တွင်းမှာပိုလျှံပြီး ဈေးနှုန်းတွေကျဆင်းရင် တောင်သူတွေအတွက် ဝင်ငွေနည်းတာဖြစ်နိုင်ကြောင်း ဦးအောင်သန်းဦးကပြောဆိုသည်။ ပြည်တွင်းထုတ်လုပ်မှုစရိတ်ကြီးမြင့်၍ ပြည်ပဈေးကွက်များသို့ ဆန်စပါးများကို လွယ်ကူစွာတင်ပို့နိုင်ခြင်းမရှိပါက ပြည်တွင်းစားသုံးမှုပိုလျှံ၍ ဆန်ဈေးနှုန်းကျဆင်းခြင်းကြောင့် တောင်သူများအတွက် ဝင်ငွေနည်းပါးမည် ဖြစ်ကြောင်းသိရသည်။

ပြည်ပသို့ ဆန်ရောင်းမည်ဆိုပါက ကမ္ဘာ့ဆန်ပေါက်ဈေးနှုန်းအတိုင်း အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ပြီး အဓိကအားဖြင့် ကုန်ပစ္စည်း ထုတ်လုပ်ပြီးသည့်အခါ ဈေးကွက်ရှာဖွေရာ၌ အလွန်အခက်အခဲရှိသဖြင့် ရေရှည်

ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းရှင်များမှ အသက်သာဆုံးနှုန်းထားနှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/121187.html

## အာဆီယံနဲ့အကြား စီးပွားရေးချိတ်ဆက်မှု တိုးမြှင့်နိုင်ရေးအိန္ဒိယမျှော်မှန်း

မြန်မာပါဝင်တဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အုပ်စုနဲ့အကြား စီးပွားရေးချိတ်ဆက်ဆက်ဆံမှုတွေကို တိုးမြှင့်သွားနိုင်ဖို့ အိန္ဒိယအစိုးရဘက်က မျှော်မှန်းနေလျက်ရှိတယ်လို့သိရပါတယ်။ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) မှာ ပါဝင်ဆောင်ရွက်နေခြင်း၊ လက်ရှိဖော်ဆောင် နေတဲ့ ၃ နိုင်ငံဖြတ် အမြန်လမ်းမ စီမံကိန်းမှာပါဝင်နေခြင်းတို့နဲ့အတူ ယခုနှစ် ၂၀၁၉ မှာ အာဆီယံ၊ အထူးသဖြင့် ထိုင်းနဲ့အကြား စီးပွားရေးပိုမိုချိတ်ဆက်သွားနိုင်မယ်လို့လည်း အိန္ဒိယတို့ဘက်က မျှော်လင့်နေပါတယ်။

အာဆီယံနိုင်ငံတွေနဲ့ တရုတ်အကြား ကုန်သွယ်မှုလိုငွေပြမှုတွေနဲ့ပတ်သက်လို့ အိန္ဒိယတို့ဘက်က စိုးရိမ်ပူပန်နေပါတယ်၊ ဒါပေမယ့် RCEP လိုမျိုး သဘောတူညီချက်မှာသာ မပါဝင်ထားခဲ့ဘူးဆိုရင် အိန္ဒိယအနေနဲ့ အလျင်အမြန်တိုးတက်ဖွံ့ထွားလာနေတဲ့ အာဆီယံဒေသမှာ စီးပွားရေးအခွင့်အလမ်းကောင်း တစ်ရပ်ကို လွဲချော်သွားပါလိမ့်မယ်" ဆိုပြီး Ubon Ratchathani တက္ကသိုလ်က နိုင်ငံတကာ က်ဆံရေးဌာန ကထိက Piyanat Soikham က ပြောပါတယ်။

အာဆီယံဒေသ၊ အထူးသဖြင့် CLMVT ( ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ထိုင်း) ဒေသခွဲက အာရှဒေသရဲ့ ပထဝီနိုင်ငံရေးဗဟိုချက်မှာ ရှိနေပါတယ်ဆိုပြီး Piyanat က ပြောသွားပါတယ်။ အိန္ဒိယတို့အနေနဲ့ အာဆီယံဒေသနဲ့အကြား အပြန်အလှန် ကုန်သွယ်မှုကနေရလာမယ့် စီးပွားရေး အကျိုးကျေးဇူး တွေကို ရိတ်သိမ်းခူးဆွတ်ရမှာဖြစ်ပြီး ဒီလိုအခွင့်အရေးမျိုးကို မလွဲချော်သင့်ဘူးလို့လည်း ၎င်းက ပြောသွားပါတယ်။

**Source:** http://www.nationmultimedia.com/detail/Economy/30365130

## ထိုင်းရဲ့ နယ်စပ်ကုန်သွယ်မှု ဆက်လက်တိုးတက်

ထိုင်းနိုင်ငံရဲ့နယ်စပ်ကုန်သွယ်မှုကတော့ ပြီးခဲ့တဲ့ဇန်နဝါရီလမှာ တစ်နှစ်ထက် တစ်နှစ် ၁ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး မလေးရှားက ယင်းရဲ့အကြီးဆုံး ကုန်သွယ်ဘက်ပါတနာ ဆက်ဖြစ်နေဆဲလို့ သိရပါတယ်။ ဇန်နဝါရီလတုန်းက နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအားလုံးကနေ ဘတ်ငွေ ၁၁၉ ဒသမ ၅ ဘီလီယံထိ ရရှိခဲ့ကြောင်း ထိုင်းရဲ့ နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က ပြောပါတယ်။

အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံစလုံးနဲ့အကြား ထိုင်းရဲ့နယ်စပ်ကုန်သွယ်မှုကတော့ ဇန်နဝါရီမှာ ၀ ဒသမ ၉၁ ရာခိုင်နှုန်း ကျသွားပြီး ဘတ်ငွေ ၉၅ ဒသမ ၁ ဘီလီယံ ရှိကြောင်းသိရပါတယ်။ အဆိုပါ အိမ်နီးချင်းနိုင်ငံတွေနဲ့အကြား နယ်စပ်ကုန်သွယ်မှုမှာတော့ ပို့ကုန်ပိုင်းမှာ ၃ ဒသမ ၅၀ ရာခိုင်နှုန်း ကျသွားပြီး သွင်းကုန်ပိုင်းမှာတော့ ၂ ဒသမ ၅၂ ရာခိုင်နှုန်း တက်လာတယ်လို့ဆိုပါတယ်။ မလေးရှားကတော့ ထိုင်းတို့အတွက် အကြီးဆုံးသော နယ်စပ်ကုန်သွယ်ဘက်ပါတနာဖြစ်နေပြီး အပြန်အလှန်နယ်စပ်ကုန်သွယ်မှုတန်ဖိုး ဘတ်ငွေ ၄၇ ဒသမ ၇ ဘီလီယံရှိတယ်လို့သိရပါတယ်။ ယင်းရဲ့ နောက်မှာတော့ လာအိုက ဘတ်ငွေ ၁၇ ဒသမ ၁ ဘီလီယံ ၊ မြန်မာက ၁၅ ဒသမ ၈ ဘီလီယံနဲ့ ကမ္ဘောဒီးယားက ၁၄ ဒသမ ၄ ဘီလီယံနဲ့ အသီးသီး ရှိနေတယ်လို့ဆိုပါတယ်။

**Source:** https://www.bangkokpost.com/business/news/1639266-

## ပြည်တွင်းမွေးမြူထုတ်လုပ်သည့်ငါးများကို ပြည်ပသို့တင်ပို့ရာတွင် စည်းမျဉ်းများအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အထောက်အထားတောင်းခံမှုများရှိလာ

ပြည်တွင်း၌ မွေးမြူထုတ်လုပ်သည့် ငါးများကို ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ၎င်းနိုင်ငံများမှ သတ်မှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို သက်ဆိုင်ရာနိုင်ငံများမှ အထောက်အထားတောင်းခံမှုများပြုလုပ်လာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှသတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှလည်း အထောက်အထား အခိုင်အလုံတောင်းခံလာပြီး ဆော်ဒီနိုင်ငံမှလည်း အထောက်အထားများ တောင်းခံရန် ပြင်ဆင်နေကြောင်းသိရသည်။

ဘယ်နိုင်ငံမှာမဆို သူတို့လိုချင်တဲ့စနစ်ရှိတယ်။ တင်ပို့တဲ့ ကုန်ပစ္စည်းအလိုက်ပါရှိရမယ့် အချက်အလက်တွေကို ပို့မယ့်ကုန်ပေါ်မှာပါရှိရတယ်ဟု အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ လက်ရှိတွင် နိုင်ငံအလိုက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်ချက်များရှိနေပြီး၊ ကုန်စည်ပုံစံ အမျိုးအစားတင်ပြမှုတွင် ပါဝင်သည့် အချက်အလက်များ၊ စာရွက်စာတမ်းများအားလုံးမှာ ကိုက်ညီမှန်ကန်မှုရှိကြောင်း အာမခံရခြင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဓာတ်သတ္တုပစ္စည်းများ ကင်းလွတ်ခြင်း၊ ထုပ်ပိုးရာတွင် ပါရှိသင့်သည့် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း၊ စားသုံးရန်သန့်ရှင်း လတ်ဆတ်မှုရှိရခြင်း၊ ထုပ်ပိုးမှုပုံစံအရ ဖော်ပြရမည့် အလေးချိန်၊ စံချိန်စံညွှန်း၊ အရေအတွက်တို့ကို ဖော်ပြထားသော်လည်း အတွင်းမှကုန်ပစ္စည်းနှင့် ကိုက်ညီမှုရှိရခြင်း သည့်တို့ကို သတ်မှတ်ထားကြောင်းသိရသည်။

ဘယ်နိုင်ငံကပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီကနေ ဝယ်တယ်ဆိုရင် ဝယ်တဲ့သူရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ်။ အခုဆိုရင် ဆော်ဒီက သတ်မှတ်ချက်တွေရှိလာတယ်။ သတ်မှတ်တဲ့အတိုင်း မဟုတ်ရင် တင်သွင်းခွင့်ပိတ်မယ်ဆိုတော့ တင်ပို့သူတွေ လိုက်နာဆောင်ရွက်ရမည်ဟု ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင် ဦးတင်လှကပြောသည်။ လက်ရှိတွင် ရေထွက်ကုန်အလိုက် ပါဝင်မှုအမျိုးအစားများကို ကုန်အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားမှုရှိခြင်း၊ တံဆိပ်များကို သိသာထင်ရှားစွာ ဖော်ပြထားမှု မရှိခြင်း၊ တံဆိပ်လွဲမှားကပ်ခြင်း၊ တံဆိပ်ပေါ်တွင် အစားအစာအမည်ကို ဖော်ပြထားမှုမရှိခြင်း စသည့်အချက်များကြောင့် ငြင်းပယ်ခံခဲ့ရမှုများရှိခဲ့သည်။ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရခြင်း ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုများ လွယ်ကူလျှင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးပါရန်နှင့် လတ်တလော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါးတန်ငါးများ တင်ပို့ရာတွင် တွေ့ကြုံနေရသောအခက်အခဲများအား ညှိနှိုင်းဖြေရှင်းပေးရန်လိုအပ်နေကြောင်း ကုန်သည်များကဆိုသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6891

## ကရင်ပြည်နယ်အတွင်း အမျိုးသမီးငယ်များ ချည်မျှင်လက်ယက်ကန်းဝင်ငွေတိုးပွားစေရေး ဂျပန်နိုင်ငံမှ ထောက်ပံ့ကူညီ

ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ အမျိုးသမီးငယ်များ ချည်မျှင်လက်ယက်ကန်း ထုတ်လုပ်နည်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင် ထုတ်လုပ်လာနိုင်မည့်စီမံကိန်းကို ၂၀၂၀ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာနမှသိရသည်။ အဆိုပါ စီမံကိန်းကို ကရင်ပြည်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာနမှ ကြီးကြပ်ကာ JICA ၊ Dimatsu ကုမ္ပဏီ၊ JAPAN Sita တို့မှ ပိုးစာပင်စိုက်ခင်း၊ ပိုးချည်ထုတ်လုပ်မှု နည်းပညာများကို ဂျပန် ယန်းသန်းပေါင်း ၈ သန်းခန့် ထောက်ပံ့ရန် ပြင်ဆင်ထားပြီး အထူးဦးစားပေး အစီအစဉ်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် တိုင်းရင်းသား ဒေသများအတွက် ၅ နှစ်တာအထိ ယန်းသန်း ၄ သောင်းခန့် ထောက်ပံ့ထားကြောင်းသိရသည်။

ကရင်ပြည်နယ်ပြည်နယ် ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ဂျပန်နဲ့ မော့ကပိုးခြံမှာ စမ်းသပ်စိုက်ကေ သုံးဧကစိုက်ထားတာ အောင်မြင်နေပါပြီ။ ဆက်လက်ပြီးတော့ ပိုးစာပင်ကဏ္ဍဖွံ့ဖြိုးလာဖို့ ဂျပန်ကကူညီပေးနေတယ်။ သူတို့ဆီကလာတဲ့ နည်းပညာတွေကို အကုန်လုံးရှိသမျှလူတွေက လေ့လာနိုင်ရင် ပိုပြီးတော့ထိရောက်တဲ့အတွက်ကြောင့် ပိုပြီးကြိုးစား ဆောင်ရွက်စေချင်ကြောင်း ပြောကြားသည်။ လက်ရှိပြည်နယ်အတွင်းရှိ တောင်သူများအနေဖြင့် ပိုးစာပင်များ စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိစေရန်အတွက် ပိုးစာနှင့်ပတ်သက်သည့် ဂိုင်၊ ပိုးကောင်ကျော်၊ ပိုးစာလက်ဖက်ခြောက်များမှ ဝင်ငွေရရှိစေရန်၊ ကရင်အမျိုးသမီးငယ်များ အိုးအိမ်မကွာ ဂျပ်ခုတ်လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့် အလမ်းများ ရရှိစေရန် ရည်ရွယ်ထားကြောင်းသိရသည်။

လက်ရှိတွင် ပိုးစာတစ်ဧကေ စိုက်ပျိုးပါက ပထမနှစ်တွင် စိုက်ပျိုးစရိတ် ငွေကျပ် ၈ သိန်းခွဲ၊ ဒုတိယနှစ်တွင် ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ပိုးဥ ၆ ကဒ်၊ မွေးမြူစရိတ် စုစုပေါင်း ကုန်ကျငွေ ကျပ် ၉၇၈,၀၀၀ ခန့် ကုန်ကျပြီး ယင်းနှစ်မှာပင် ပိုးဥ ၆ ကဒ်မှ ထွက်ရှိမည့် ပိုးအိမ် ၆၀၀ ပါ၊ တစ်ပေါင်လျှင် ငွေကျပ် ၂,၂၀၀ နှုန်းဖြင့် ရောင်းချပါက ငွေကျပ် ၁,၃၂၀,၀၀၀ ခန့်

ရရှိမည်ဖြစ် ၍ ဒုတိယနှစ်မှာပင် အမြတ်ငွေကျပ် ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ပိုးစာပင်မှ ပိုးချည်အိမ်များ၊ ပိုးထည်များ၊ ပိုးဂွမ်း၊ ပိုးဆပ်ပြာ၊ ပိုးလက်ဖက်ခြောက်စသည့်တို့ကို ထုတ်လုပ်ကာ ဒေသတွင်းဈေးကွက်သို့ ရောင်းချနေပြီး နိုင်ငံအတွင်း မျိုးပိုးဥထုတ်ခြံများမှာ မန္တလေးတိုင်းဒေသကြီးတွင် တစ်ခြံ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် ပိုးစာခြံ ၁၉ ခြံ၊ ချင်းပြည်နယ်၊ တီးတိန်မြို့နှင့် ပြင်ဦး လွင်တို့တွင် ပိုးချည်ထုတ်လုပ်သည့် စက်ရုံ ၂ ရုံခန့်ရှိကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6890

## နှစ်နိုင်ငံ သဘောတူညီမှုဖြင့် အင်ဒိုနီးရှားသို့ ဆန်ရောင်းရန် ဆန်စပါးအသင်းချုပ် ကြိုးပမ်း



နှစ်စဉ်ပြည်ပမှ ဆန်တန်ချိန်နှစ်သန်းခန့် တင်သွင်းနေရသော အင်ဒိုနီးရှားနိုင်ငံသို့ အစိုးဆန်ရောင်းချရန် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)က ကမ်းလှမ်းထားသည်။

ဆန်တင်သွင်းရန် တင်ဒါခေါ်ယူပါက မြန်မာနိုင်ငံကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးမည်ဟု သံရုံးက အကြောင်းပြန်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှု ဆောင် ဦးမျိုးသူရအေးကပြောသည်။

အင်ဒိုနီးရှားသည် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဆန်ဂယ်ယူတင်သွင်းနေသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်ပဆန် တင်ပို့မှုပမာဏသည် ၂၀၁၈ ဧပြီ မှ ၂၀၁၉ ဖေဖော်ဝါရီ ၁၅ ရက်အထိ တန်ချိန် ၂ ဒသမ ၁ သန်း ကျော်ရှိပြီး အဆိုပါ ပမာဏက ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ထက် တန်ချိန်တစ်သန်းခန့် လျော့နည်းနေသည်။ တရုတ်နိုင်ငံနယ်စပ်မှ ဆန်တင်သွင်းမှုကို တင်းကျပ်ထားခြင်းကြောင့် ပြည်ပဆန်တင်ပို့မှု လျော့နည်းခြင်းဖြစ်သည်ဟု ဆန်ကုန်သည်အချို့က ပြောသည်။ ထို့ကြောင့် အစိုးရချင်း သဘောတူညီမှုဖြင့် ဆန်ရောင်းချရေး အစီအစဉ်ကို ညှိနှိုင်းအကောင်အထည်ဖော်ပေးရန် ကုန်သည်များက လိုလားနေသည်။

ထို့ကြောင့် အစိုးရချင်း သဘောတူညီမှုဖြင့် ဈေးကွက်အသစ်များ တိုးချဲ့တင်ပို့နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ကြိုးပမ်းနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ အစိုးရချင်းသဘောတူညီမှုဖြင့် ဆန်တန်ချိန်လေးသိန်းခန့် တင်ပို့နိုင်ရေး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကဆောင်ရွက်နေပြီး ယင်းသို့ ဆန်ရောင်းချရေး အစီအစဉ်များတွင် ပြည်ပသို့ ဆန်တင်ပို့နေသူအားလုံး ပါဝင်နိုင်ရေးကိုလည်း ပြင်ဆင်ထားသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

ယခုလလယ်ကစပြီး နွေစပါးအသစ်များ ဈေးကွက်အတွင်းဝင်လာမည်ဟု ဆန်ကုန်သည်များက ခန့်မှန်းနေပြီး ပြည်ပ တင်ပို့မှု ပုံမှန်အခြေအနေရှိချိန်တွင် ဈေးကွက်အတွင်း ဆန်အသစ်များ ထပ်မံဝင်ရောက်လာမည်ဆိုပါက ပြည်တွင်း ဆန်ဈေးကျဆင်းမည်ကို ၎င်းတို့ကစိုးရိမ်နေသည်။

**Source:** http://www.7daydaily.com/story/151576

## ရော်ဘာဈေးကွက် ပြန်လည်ဦးမော့လာရေး ဒေသအလိုက် ဗဟိုဈေးကွက်များ ဖွင့်လှစ်မည်ဟု ဒုဝန်ကြီးပြောကြား

ရော်ဘာဈေးကွက် ပြန်လည်ဦးမော့လာစေရေး ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် ဒေသအလိုက် ဗဟိုရော်ဘာဈေးကွက်များဖွင့်လှစ်ရန် စီစဉ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောသည်။

မတ်လ ၇ ရက်တွင် ကျင်းပသည့် အမျိုးသား လွှတ်တော်အစည်းအဝေး၌ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ၏ "မွန်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းနှင့် ဈေးကွက်ပြန်လည်ကောင်းမွန်လာစေရေး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း" မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားသည်။

ထိုသို့ ဒေသအလိုက် ဗဟိုရော်ဘာဈေးကွက် ဖွင့်လှစ်ခြင်းအားဖြင့် အရည်အသွေးမြင့်ရော်ဘာများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ဈေးမှန်ရရှိမည်ဖြစ်ကြောင်း ဦးလှကျော်က ဆိုသည်။ ထို့အပြင် ရော်ဘာစံချိန်စံညွှန်းနှင့် သင့်လျော်မှန်ကန်သော ဈေးကွက်တစ်ခု ရရှိလာမည်ဖြစ်ကြောင်းနှင့် ဗဟိုရော်ဘာဈေးကွက်ကို မကြာခင်ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေကြောင်း ဦးလှကျော်က ရှင်းပြသည်။

ထို့အပြင် ရော်ဘာစိုက်ပျိုးသူများ နည်းစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကာ ရော်ဘာခြံငယ်ပိုင်ရှင်များ မှိုင်းခံရော်ဘာစက်ရုံများ တည်ထောင်နိုင်ရေး အသေးစားချေးငွေများ ထုတ်ချေးပေးနိုင်ရန် ကြိုးပမ်းနေသည်ဟု ၎င်းကပြောသည်။ ရော်ဘာကုန်ကြမ်းများမှတစ်ဆင့် ပြည်တွင်း၌ အရည်အသွေးကောင်းမွန်သည့် ရော်ဘာကုန်ချောများ ထုတ်နိုင်ရေးအထိ ဆောင်ရွက်နိုင်သည့် အရည်အသွေးစစ်ဆေးသောဓာတ်ခွဲခန်း တည်ဆောက်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်နေသည်ဟု ဦးလှကျော်က ရှင်းပြသည်။

မွန်ပြည်နယ်ရှိ တောင်သူများသည် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ပြီး ယခုအခါ ရော်ဘာဈေးမကောင်းခြင်း၊ အလုပ်သမားရှားပါးခြင်း၊ နည်းပညာအခက်အခဲရှိခြင်းတို့ကြောင့် ရော်ဘာစိုက်တောင်သူများ အခက်တွေ့နေကြောင်း ဒေါ်သီရိရတနာကပြောသည်။ ရော်ဘာဈေးကွက် ပြန်လည်ဦးမော့လာပါက ရော်ဘာစိုက်တောင်သူများ အဆင်ပြေမည်ဖြစ်သည့်အပြင် ထိုင်းနိုင်ငံသို့သွားရောက် လုပ်ကိုင်နေရသည့် အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဟု ၎င်းကဆိုသည်။ မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်သည့် ကေဝါးသိန်းခန့်ရှိပြီး မြန်မာနိုင်ငံရှိ ရော်ဘာစိုက်ပျိုး ဧကအားလုံး၏ ၃၀ ရာခိုင်နှုန်းဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ၁၆ သိန်းကျော်ရှိသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆိုသည်။

**Source:** http://www.7daydaily.com/story/151573

## တောင်သူများ ဆီထွက်သီးနှံ မြေပဲမျိုးနဲ့ နည်းပညာအကူအညီလိုအပ်ပါက မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းက ကူညီမည်



တောင်သူတွေအနေနဲ့ ဆီထွက်သီးနှံဖူလုံရေး မြေပဲမျိုးနဲ့စိုက်ပျိုးနည်းပညာတွေ လိုအပ်ပါက မြန်မာနိုင်ငံက ဆီစက် ပိုင်ရှင်များအသင်းက တောင်သူတွေနဲ့ညှိနှိုင်းပြီး အကူအညီပေးသွားမယ်လို့ စစ်ကိုင်းတိုင်း ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက မတ်လ ၆ ရက်နေ့ကပြုလုပ်တဲ့ ကလေးမြို့ စားသုံးသူရေးရာဦးစီးဌာနရုံး တောင်သူတွေနဲ့ တွေ့ဆုံပွဲမှာပြောပါတယ်။ ဆီထွက်သီးနှံဖူလုံဖို့ တောင်သူတွေကို နည်းပညာ အကူအညီတွေ နောက်ပြီးစက်ယန္တရား အကူအညီတွေပေးနိုင်အောင် တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာတွေ ရှိတဲ့အတွက် အသင်းနဲ့ဆက်သွယ်ပါ။ တောင်သူတွေအတွက် မျိုးစေ့နဲ့နည်းပညာပံ့ပိုးဖို့ ဆောင်ရွက်နေတာတွေရှိပါတယ်။ မြို့တိုင်းလိုလိုမှာ ဆီစက်ပိုင်ရှင် အသင်းဝင်တွေရှိပါတယ်။ သူတို့ကတဆင့်ဆက်သွယ်ပါလို့ပြောပါတယ်။ ပြည်တွင်းမှာ ဆီထွက်သီးနှံမြေပဲ စိုက်တာ နည်းလာတာ၊ အထွက်နှုန်းနည်းတာကြောင့် သီထွက်သီးနှံဖူလုံမှုမရှိဖြစ်နေပြီး ပြည်ပ ဆီဝင်ရောက်မှုများနေတာကြောင့် ဆီစက်များလည်ပတ်မှု အားနည်းနေပြီးစစ်ကိုင်းတိုင်းအတွင်း ၁၀ ရာခိုင်နှုန်းခန့် ဆီစက်တွေသာ လည်ပတ်နေရတယ် လို့လဲသိရပါတယ်။

စစ်ကိုင်းတိုင်းမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ဆီစက်ပေါင်းက ၁၂၀၀ လောက်ရှိတယ်။ ဒါပေမယ့် အမှန်အကန်လည်ပတ်နိုင်တာက ၁၀၀ ကျော်လောက်ပဲရှိတယ်။ ၁၀ ရာခိုင်နှုန်းလောက်ပေါ့။ ဒါတွေကလည်း ပြည်ပသွင်းဆီများလာတဲ့အပြင် စားသုံးသူတွေ အသိနည်းတာရယ် ဆီထွက်သီးနှံ ကုန်ကြမ်းရှားပါးတာရယ်ကြောင့် ဖြစ်ကြောင်း ဦးထွန်းထွန်းဦးကဆိုပါတယ်။ ကလေးမြို့တောင်သူတွေအနေနဲ့ မြေပဲမျိုးနဲ့ နည်းပညာလိုအပ်ပါက မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဝင် ကိုကျော်မျိုးထွန်း ရွှေဗဟိုရ်ဆီစက် ဖုန်း ၀၉ ၄၀၀၁၀၉၆၇၆နဲ့ ၀၉၄၀၀၅၃၃၅၆၀ ကို ဆက်သွယ်နိုင်တယ်လို့လဲ သိရပါတယ်။

လက်ရှိမြန်မာ့မြေပဲဟာ စိုက်ပျိုးနည်းပညာလိုအပ်မှုကြောင့် တစ်ဧကကို တင်း ၃၀ လောက်သာ ထွက်ပေမယ့်

အသင်းက ကူညီမယ့် မျိုးမြေပဲကတော့ တစ်ဧက တင်း ၈၀ ကနေ ရာချီ ထွက်နိုင်တဲ့ မျိုးမြေပဲ ဖြစ်တယ်လို့ သိရပါတယ်။ ပြည်ပက မှာယူရတဲ့အတွက် တစ်ကြိမ်ကို တင်းတစ်ထောင်နှုန်းသာ လေကြောင်းနဲ့သယ်ယူရတာဖြစ်လို့ စိုက်ပျိုးချိန်နဲ့ အနီးကပ်ချိန် ကူညီပေးဖို့တော့ ခက်ခဲမှာဖြစ်တယ်လို့လဲ ကိုကျော်မျိုးထွန်းကဆိုပါတယ်။ ကလေးမြို့အနေနဲ့ မြို့ပေါ် လူဦးရေ တစ်သိန်း နှစ်သောင်းကျော် အတွက် တဦးလျင် တစ်ရက် တစ်ကျပ်ခွဲသားနှုန်း တစ်နှစ်ဆီလိုအပ်မှု ပိဿာချိန် ၆ သိန်းကျော် ထုတ်လုပ်နိုင်ဖို့လိုအပ်နေပြီး အဲ့ဒီထုတ်လုပ်မှုလိုအပ်ချက်မှာ ရွှေလျားလုပ်သားများ သာသနာ၀င်များရဲ့ လိုအပ်ချက်မပါဝင်ကြောင်း မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနွယ်ကဆိုပါတယ်။

**Source: popularnews.com**

## Thura News Views

### Three airport upgrade deals expected to be signed

A series of agreements are expected to be signed later this month regarding the upgrade of three airports in Myanmar. The objective is to boost Myanmar's tourism industry. According to an article in the Myanmar Times, the deals are related to the construction of customs, immigration and quarantine facilities at three airports. The planned upgrades will be done in Heho airport in Shan State, Mawlamyine in Mon State, and Kawthaung in Tanintharyi Region. All three air-ports will be upgraded up to international quality. Quoting U Ye Htut Aung, Deputy Director-General of the Department of Civil Aviation, Heho will require $40 million investment, followed by Kawthaung with $36 million, and Mawlamyine with $20 million. Ye Htut Aung said that the department is looking for input from private companies through Public-Private Partnerships. He said it would help speed up the projects. Currently, Myanmar has just three international airports, at Yangon, Mandalay and Nay Pyi Taw. The government sees significant potential in the tourism sector and believes more airports will bring a boost to the sector. The initiatives will contribute to sector growth by improving connectivity as well as service quality.

### SF Holding acquires stake in Myanmar's KOSPA

SF Holding, a Chinese logistics firm, has acquired a 25 percent stake in KOSPA Limited, a Myanmar-based logistics firm, according to an article in Dealstreet Asia. KOSPA is a joint venture originally established between local company Yoma Strategic Holdings and Japan's Kokubu Group. According to the article, KOSPA provides end-to-end logistics solutions for agricultural, pharmaceutical, FMCG and other clients throughout the country. Yoma said the new investment will allow KOSPA to increase its fleet, and also explore cross-border opportunities with China. "Logistics has the potential to become a major growth sector of the Myanmar economy, and this partnership strategically positions KOSPA to capture opportunities presented by a growing appetite for e-commerce in the country," said Yoma CEO Melvyn Pun.

TIR

**Myanmar's first Auntie Anne's outled opened**

Myanmar's first store of global pretzel chain Auntie Anne's has opened at the Junction City shopping mall in Yangon. It is the latest international franchise to enter the country. The franchise for the Pennsylvania-headquartered company is held by Yoma Strategic Holdings. The group recently acquired local restaurant chain YKKO and also holds the Myanmar franchise for KFC. In a Myanmar Times article, Yoma CEO Melvyn Pun was quoted as saying that the move was made following research that found that there is a growing demand for baked goods in Myanmar. It is relatively a new cuisine, particularly in the country's urban centers. As well as KFC, other international food and beverage outlets to enter the Myanmar market in recent years include Pizza Hut, Svensen's and Krispy Kreme Donuts.

**Myanmar Metro secures USD 20 million IFC loan**

The Myanmar arm of the German food retail group Metro AG has raised a USD 20 million loan from the International Finance Corporation (IFC). According to a Myanmar Times article, IFC said the funds would help increase the company's incomes. It is expected to improve the quality of local produce, moves that would benefit local consumers in the country. Metro Wholesale Myanmar is a joint-venture between Frankfurt-listed Metro AG and the Yoma Strategic Holdings (YSH). The deal is structured as an 85 percent-15 percent, respectively. Vikram Kumar, IFC's country manager for Myanmar and Thailand, was quoted as saying the move will "ensure the availability of safe, high-quality foods from the farm to fork, increasing the agribusiness sector's export potential". The Myanmar government has recently begun opening the retail and wholesale market to foreign players.

**Source: Thura Swiss News (Issue 356 Mar 07, 2019)**

## STOCK EXCHANGE (8.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,800 | 8,800 | 8,800 | 733 | 6,450,400 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,850 | 4,721 | 13,546,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 208 | 4,371,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 70 | 185,500 | 12,212,906 | 32,364 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.94 | +3.41 | +0.92% | 374.04 | 374.94 | 374.04 | 5,732 | 24,553,900 | 5 | 511,887 |


### Index chart




## Market Overview

As of 1:00 pm, 8th Mar. 2019

| MYANPIX | 374.94 ▲ 3.41 |
|---|---|
| Total Volume (shares) | 5,732 |
| Total Value (MMK) | 25 mil |
| Listed Company | 5 |
| Market Cap. (MMK) | 511,887 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |